သပြေလှကျေးရွာ
ချင်းခင်ကျေးရွာအုပ်စု၊
ဖြူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သပြေလှကျေးရွာ၊ဖြူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၈ခုနှစ်၊ဇွန်လ

**မာတိကာ၂**

၁. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ သယံဇာတပြမြေပုံ ၃
၂. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် ၄

၃. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု ၆

အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၆

၄. ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၆

၄. ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၆-၇

၄. ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

၄. င။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇-၈

၄. စ။ပညာရေး ၈

၄.ဆ။ကျန်းမာရေး ၉

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၉

၄.ဈ။ကျား - မရေးရာ ၉

၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၁၀-၁၁

**နောက်ဆက်တွဲများ**

. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂

. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၅၀

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၁-၅၂

## ၁. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ **သယံဇာတပြမြေပုံ**



## ၂. ဖြူးမြို့နယ်။ ချင်းခင်အုပ်စု၊ သပြေလှကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်



"ရာသီခွင်ပြပြက္ခဒိန်"

ရည်ရွယ်ချက် ။ " ရာသီအလိုက်ဖြစ်ပေါ်နေသော အလုပ်အကိုင်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ ချေးငွေလိုမှု၊ ဝမ်းစာရှားပါးမှု၊ သောက်သုံးရေရရှိမှု၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ ကျန်းမာရေးအခြေအနေ၊ သီးနှံပိုးမွှားရောဂါကျရောက်မှု၊ အားလပ်ရက်များ၊ သဘာဝဘေးအန္တရာယ် စသည့် ကျေးရွာနှင့် သက်ဆိုင်သော အခြေအနေများကို လေ့လာရန် [illegible] ၊

| အကြောင်းအချက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | များ | များ | နည်း | နည်း |
| ယာလုပ်လက်စား မိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | နည်း | များ | များ | များ | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း |
| ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | နည်း |
| ဝမ်းစာရှားပါးမှု | နည်း | နည်း | များ | များ | များ | နည်း | [illegible] | နည်း | များ | များ | များ | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ | များ |
| တိရစ္ဆာန်အစာရရှိမှု | နည်း | နည်း | များ | များ | နည်း | များ | များ | များ | များ | များ | နည်း | နည်း |
| တိရစ္ဆာန်ရောဂါကျရောက်မှု | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | များ |
| ကျန်းမာရေးအခြေအနေ | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ |
| ပွဲတော် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း |
| သဘာဝဘေးအန္တရာယ် | နည်း | နည်း | များ | [illegible] | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း |

ဘာပြဿနာ ဘာတွေဖြစ်ခဲ့လဲ ။ " ဩဂုတ်လတွင် မိုးများသောကြောင့် [illegible]

အကြောင်း [illegible] " [illegible]

## ၃. ဖြူးမြို့နယ်ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ **ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ**



၄. ဖြူးမြို့နယ်၊ချင်းခင်အုပ်စု၊သပြေလှကျေးရွာ၏ **လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(၁) တည်နေရာနှင့်ပထဝီအနေအထား**

ချင်းခင်ကျေးရွာအုပ်စု၊သပြေလှကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေးသွားရာ ကားလမ်းဟောင်းပေါ်တွင် ကားလမ်းအရှေ့ဘက်ခြမ်းတွင် ကန့်လန့်လမ်းတစ်ခု၊ကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင်(၁)၊(၂)၊(၃)၊(၄) စသည့်လမ်း(၅) လမ်းဖြင့် တည်ထောင်ထားသော စံပြရွာ ကလေးဖြစ်ပါသည်။ကျေးရွာ၏ မြောက်ဘက် (၃)မိုင်ခန့်တွင် ဖြူးမြို့ရှိပြီး လမ်းပန်းဆက်သွယ်ရေးလွယ် ကူပါသည်။တောင်ဘက်တွင် ဇဟားချောင်းတစ်ခု ကပ်လျက်တည်ရှိပြီး ကျေးရွာများအတွက် ကူညီစောင့် ရှောက်ရန် အမှတ်(၃၀၆)ခြေလျင်တပ်ရင်းတစ်ခုလည်းရှိသည်။တစ်ဆက်တည်းမှာပင် လူငယ်အားမာန် သမဝါယမအသင်း၊ခ.လ.ရ(၅) စစ်တပ်၊ညောင်ပင်သာ စသည်တို့နှင့်ဆက်သွယ်သွား လာနိုင်သည်။မြေပြန့် ဒေသဖြစ်ခြင်းကြောင့် အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။ဒေသ၏ တစ် နှစ်ပျှမ်းမျှမိုးရေချိန်မှာ (၆၀)လက်မကျော်(၇၀) လက်မအတွင်းရရှိနိုင်သောကြောင့် စိုက်ပျိုးရန် အထောက် အကူပြုပါသည်။လယ်မြေများသည် စပါး၊ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းပြုလုပ်ရန် အတွက် အဓိက အားထားရာဖြစစ်သည်။

**(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်**

ကျေးရွာ၏စိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးသည့်မြေဆီလွှာ များမှာလည်းအ သင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာအနီးတွင် ဇဟားချောင်းရှိသော်လည်း ရေသွယ်တန်းရန် အခက်အ ခဲများကြောင့် မိုးရေကိုသာ အသုံးပြုစိုက်ပျိုးကြရသည်။ကျေးရွာတွင် စပါးစိုက်ပျိုးမြေဧက(၂၇၀.၅)ဧက ရှိသည့်အနက် ပဲစိုက်ဧက(၂၅၀)ဧက သာစိုက်ပျိုး ကြသည်။ဒေသအလိုက်ရာသီဥတုမှန်ကန်ခြင်းနှင့်ပိုးမွှားများ ဖျက်ဆီးမှုကြောင့် အထွက်နှုန်းများ လျော့နည်းကြသည်။မြေဆီမြေသြဇာညံ့ရခြင်းမှာ နွားချေးများလုံ လောက်စွာမ ထည့်နိုင်ခြင်း၊ မြေသြဇာစနစ်တကျ သုံးစွဲမှုမရှိခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းများလျော့နည်း လာပါသည်။ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများရယူရန်လိုအပ်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့(၅)ဖွဲ့၊ဘာသာရေးဆိုင်ရာ(၂)ဖွဲ့နှင့် စီးပွားရေး ဆိုင်ရာ(၂)ဖွဲ့ရှိသည်။အထက်ပါအဖွဲ့များတွင် အမျိုးသမီးများလည်းတက်ကြွစွာ ပါဝင်ဆောင်ရွက် လျက်ရှိသည်။သို့သော ပြင်ပမှဖွဲ့စည်းပေးထားသော အမျိုးသမီးရေးရာအဖွဲ့သည် လှုပ်ရှား ဆောင်ရွက်မှုအားနည်းလာသည်။ ပြင်ပမှအသေးစားချေးငွေလုပ်ငန်းမှာလည်း

လည်ပတ်လျက်ရှိပြီး ကျေးရွာရှိ ဗုဒ္ဓဝေယျာဝစ္စငွေချေးအဖွဲ့မှာ လည်း လွန်ခဲ့သောနှစ်ကစတင်၍ ကျေးရွာ၏အိမ်ထောင်စုများအလိုက် ငွေချေး၍ ကျေးရွာရှိ ရပ်ဖ/ရပ်ဖ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြသည်။ ထိုသို့ အဖွဲ့အစည်းများ စွမ်း

၂

ဆောင်ရည်မြှင့်တင်နိုင်ရန် လိုအပ်သောအချက်အလက်များ သိရှိရန် မြို့နယ်ဌာနဆိုင်ရာတို့မှ အသိပညာ အတတ်ပညာများ ရရှိမည့်သင်တန်း ဖွင့်လှစ်ပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေမှာ သာမာန်အားဖြင့် လျော့နည်းသည်ကို တွေ့ရပါသည်။ အိမ်ထောင်စုပေါင်း ၂၅၃အိမ်ရှိသည့်အနက် လယ် လုပ်သူ(၆၄)ဦးသာရှိသည်။ ကျန်အိမ်ထောင်စုများမှာ လယ်ယာမဲ့ပြန်ကျ အလုပ်သမားများဖြစ်သည်။ ထို့ပြင် လက်သမား၊ ပန်းရံ၊ ကယ်ရီမောင်းသူများလည်းရှိသည်။ တောင်သူကြီးနှင့် အစိုးရဝန်ထမ်းများသာ ငွေကြေးပြည့်စုံကြသည်။ ကျေးရွာရှိလယ်မြေများမှာ စပါးနှင့်မတ်ပဲကို အဓိကထားစိုက်ပျိုးကြသည်။ စပါး စိုက်ဧက (၂၇၀.၅) ဧက၊ မတ်ပဲစိုက်ဧက (၂၅) ဧက အများဆုံး:စိုက်ပျိုးကြသော်လည်း မြေဩဇာလျော့ နည်းခြင်း၊ အထွက်ကောင်းသည့် မျိုးများမသုံးစွဲခြင်း၊ လုံလောက်သောမြေဩဇာ နွားချေးအပါအဝင် ဓါတ်မြေဩဇာများ စနစ်တကျအသုံးစွဲနိုင်သောကြောင့် အထွက်နှုန်းများ လျော့နည်းခဲ့ရသည်။ ထို့အပြင် ရာသီဉတုကြောင့် ၄င်းရာသီချိန်တွင်ကျရောက်တတ်သော ရောဂါများကြောင့်လည်း အထွက်နှုန်းများ လျော့နည်းလာရခြင်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းစေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ပြီး ပညာပေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးမှသာ အဆင်ပြေနိုင် မည်ဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

သပြေလှကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား စိုက်ပျိုးကြသော်လည်း မွေးမြူရေးလုပ် ငန်းကို မိမိတို့မိသားစုအလိုက် တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ ဝက်မွေးမြူသူ ဦး:ရေ (၃၆)ဦး:၊ ကြက်မွေး မြူသူဦးရေ(၇၇) ဦး:စသည်ဖြင့် ဒေသမျိုးများကို မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော ကြက်နာရောဂါ၊ ဝက်နာရောဂါနှင့် ဝက်နားရွက်ပြာရောဂါ များကြောင့် ဆုံးရှုံးမှုများလည်း ရှိသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းတည်ထောင်ချင်သော်လည်း ငွေအင်အားနည်းပါး၍သော်လည်းကောင်း စနစ်တကျ မွေးမြူရေးဆိုင်ရာ အသိပညာများ အားနည်းမှုကြောင့်လည်းကောင်း တွင်ကျယ်စွာမမွေးမြူနိုင်ကြပါ။ နွားများကိုလည်း

မိမိတို့လယ်ယာမြေများ ထွန်ယက်ခိုင်းစေရန်နှင့် နို့စားနွား အနည်းငယ်သာ မွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းတိုးချဲ့ရန် ငွေချေးသူများထံမှ ငွေချေးလျှင်လည်း အတိုးနှုန်းကြီး ခြင်း၊ အလွယ်တကူချေးမရခြင်းတို့ကြောင့် တွင်ကျယ်စွာမမွေးမြူနိုင်ကြပါ။

(ဂ) ငါးလုပ်ငန်း

ဒေသတွင် ငါးမွေးမြူရေးကို ရေမြေအနေအထားကြောင့်ငါးမွေးမြူရေး လုပ်ငန်းမလုပ်ကိုင် ကြပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း**

ကျေးရွာတွင်မြေယာမဲ့များသောကြောင့် ခေါင်းရွက်ဈေးသည်များ၊ကုန်စုံဆိုင်၊ စက်ဘီးပြင် ဆိုင်နှင့်ကွမ်းယာဆိုင်များသာရှိကြသည်။ လက်သမားများ ၊ပန်းရံသမားများနှင့် ကယ်ရီသမားများလည်းရှိ သည်။ မိသားစုအတွက် ပုံမှန်ဝင်ငွေမရှိပါ။ မြေမဲ့ယာမဲ့အိမ်ထောင်စုများ ဆင်းရဲကြသည်။ ကျေးရွာတွင် အလုပ်လက်မဲ့များသောကြောင့် အသက်မွေးမြူရန် အခြားမြို့ကြီးများတွင် အလုပ်လုပ်ရခြင်းများလည်းရှိ ကြသည်။ အသက်မွေးမှုဆိုင်ရာ သင်တန်းများရှိသော်လည်း ပညာအရည်အချင်းအားနည်းသောကြောင့် အလုပ်အကိုင်ရှားပါးသည်။ ကျေးရွာ၏ ကျား-မ လုပ်အားခများမှာ ခွဲခြားမှု မရှိဘဲတန်းတူ အခွင့်အရေး များရကြသည်။ ဥပမာအားဖြင့် အမျိုးသားတစ်ဦး၏ စပါးရိတ်ခ တစ်ရက်(၅၀၀၀)ကျပ်ဖြစ်လျှင် အမျိုးသမီးတစ်ဦး၏လုပ်အားခ လည်း(၅၀၀၀)ကျပ်ဖြစ်သည်။ ဒေသရှိ မိသားစုများပြေလည် စေရန် အသက်မွေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများချေးယူ စိုက်ပျိုး စရိတ်များကို ဖြေရှင်းကြသည်။ အသေးစားငွေချေးလုပ်ငန်းများဖြစ်သည့် မြစိမ်းရောင် ချေးငွေ အဖွဲ့၊ပြင်ပ အဖွဲ့များအနေဖြင့် ဖူလတန် စသည့်ငွေချေးလုပ်ငန်းများမှ ငွေချေးယူကြပြီး သတ်မှတ်ထားသည့် အတိုးများကို ပြန်လည်ပေးဆပ်ရမည့်အချိန်တွင် ပေးဆပ်ကြကြောင်း တွေ့ရသည်။ ကျေးရွာတွင် ဖွဲ့စည်းထား သောဗုဒ္ဓဝေယျာဝစ္စ ငွေချေးအဖွဲ့မှလည်း ရွာတွင်းရှိ အိမ်ထောင်စုများကိုအတိုးနှုန်းသက်သာစွာဖြင့်ချေးယူ နိုင်ရန် ဖွဲ့စည်းပေးထားသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် အလုပ်လက်မဲ့များသဖြင့် မိမိတို့ စားဝတ် နေရေးပြေလည်စေရန် ဖော်ပြပါ ငွေချေးအဖွဲ့များမှ ချေးငွေထုတ်ယူပြီး ဖြေရှင်းကြရသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

သပြေလှကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်းကိုမျက်နှာမူပြီး ရွာဝင်လမ်းတံတား(၁)၊ (၂)၊(၃)၊(၄)၊(၅)ဟုတံတား(၅)ခုရှိသည်။ တံတား(၁)ကို (၂၀၁၇)ခုနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ၏ အကူအညီဖြင့် အကျယ် (၁၅)ပေ ခွဲ အရှည် (၉)ပေ နှင့်အမြင့်

(၅)ပေရှိသော ရှာဝင်တံတားတစ်စင်းတည် ဆောက်ပြီးစီးခဲ့ပါသည်။ ယင်းတံတားတည်ဆောင်ပြီးစီးမှုကြောင့် ကျေးရွာတွင်းရှိသာရေးနာရေးအတွက် ဈေးကားများ၊နာရေးယာဉ်များ၊ မီးဘေးကျရောက်ပါက မီးသတ်ကားများအလွယ်တကူ သွားလာရန်အဆင်ပြေ၍အထောက်အကူဖြစ်လာ ပါသည်။ ထို့အပြင် ကျန်းမာရေး အတွက်အရေးပေါ်ခဲ့လျှင်လည်း အချိန်မှီကူ ညီနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အမှတ်(၄)တံတားအားလည်းစေတနာရှင်တစ်ဦးမှ လှူဒါန်းထားပြီးဖြစ် ပါသည်။သို့ဖြစ်ပါ၍ တတံတားအမှတ်(၂)၊(၃)နှင့်(၅) များတည်ဆောက်ရန်လိုအပ်နေပါသည်။ ကျန်ရှိနေ သောအဆိုပါတံတား(၃)စင်းသည် လွန်ခဲ့သော အနှစ်(၄၀)ကျော်ကတည်ဆောက်ထားသော သစ်သား တံတားများဖြစ်ခြင်း၊ ကားလမ်းမကြီးနှင့်နီးကပ်နေသဖြင့် တုန်ခါမှုများခြင်း၊ရေတိုက်စားမှုကြောင့် အောက်ခြေများပျက်စီးနေပြီဖြစ်သည်။ ထို့ကြောင့်ရေရှည်အတွက် အသုံးပြုနိုင်သော ကွန်ကရစ်တံတား ဆောက်လုပ်ရန်လိုအပ်ပါသည်။ ကျေးရွာ၏စီးပွားအရ ထိုကွန်ကရစ်တံတားများ ဆောက်လုပ်ရန်အခက် အခဲများရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှအကူအညီများရလျှင် အဆင်ပြေမည်ဖြစ်ပါသည်။

(၆) ပညာရေး

ကျေးရွာတွင် မူလွန် စာသင်ကျောင်းရှိပြီး အလျား(၁၀၈)ပေ အနံ(၃၀)ပေ နှင့်အမြင့်(၁၅)ပေ သွပ်မိုး၊အုတ်နံရံဖြင့်ကာထားကာ ကွန်ကရစ်များဖြင့်ခင်းထားပါသည်။ စာသင်ကျောင်းတွင် မူလတန်းမှ အလယ်တန်း(၅)တန်းထိသာ ရှိပြီး ကျောင်းသား(၁၅၇) ယောက်ရှိပါသည်။ ကျောင်းအုပ်ဆရာကြီးတစ်ဦး၊ ဆရာမ(၆)ဦးရှိပါသည်။ နိုင်ငံတော်၏ကူညီထောက်ပံပေးမှုကြောင့် ကျောင်းပရိဘောဂများလုံလောက်မှု ရှိ ပါသည်။ မူလတန်းကျောင်းသားပေါင်း ၁၂၂ ယောက်နှင့် အလယ်တန်း ၂၅ယောက်ရှိပါသည်။ကျန်ကျောင်းသားများမှာအသက်မပြည့်သေးသော ကလေးငယ်များဖြစ်ပြီး ကျောင်းပျော်အနေဖြင့် ထားခြင်းဖြစ်ပါသည်။ နိုင်ငံတော်မှ ကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်များ ကျောင်းဝတ်စုံများကိုလည်းအခမဲ့ပံ့ပိုးပေး ထားသည့်အပြင် ယခု (၂၀၁၈)ခုနှစ် သပြေလှကျေးရွာအတွက် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ရန် စီ မံချက်များရရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် အလယ်တန်းတက်ရောက်မည့် ကျောင်းသားများသွားလာရလွယ် ကူပါသည်။ ကျေးရွာကျောင်းသားများ ပညာရေးတိုးတက်စေရန် မိဘဆရာပူးပေါင်း ဆောင်ရွက်မှုသာ က လေးပညာရေးကောင်းမွန်မည်ဖြစ်ပါသည်။

(၇) ကျန်းမာရေး

သပြေလှကျေးရွာတွင် ကျီးမနိုးကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမတစ်ဦး နေထိုင်သော ကြောင့်သက်ကြီး ရွယ်အိုများ၊ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များနှင့် ရွာသူရွာသားများ၏ကျန်းမာ ရေးအတွက်အထောက်အကူရပါသည်။ ရောဂါများ အခြေအနေပေါ်

မှုတည်ပြီး(၃)မိုင်ခန့်ဝေးသော မြို့နယ် ဆေးရုံ၊ဆေးခန်းများသို့ သွားရန်လည်းလွယ်ကူပါသည်။ ကလေးငယ်များကို မွေးစမှ (၁)လခြားတစ်ကြိမ် အဆုတ်ရောဂါကာကွယ်ဆေး၊ ဆုံဆို့ရောဂါ၊ကြက်ညှာ၊မေးခိုင်၊ပိုလီယိုအစက်ချဆေးများအပြင် (၉)လတွင် ဝက်သက်ရောဂါကာကွယ်ဆေး တစ်ကြိမ်တစ်နှစ်ခွဲတွင်တစ်ကြိမ် ထိုးပေးပြီး၊ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးကိုလည်းမမွေးမှီ(၂)ကြိမ်ထိုးပေးပါသည်။ကျေးရွာရှိ သောက်သုံးရေကို စနစ်တကျ သုံးစွဲခြင်း၊ ယင်လုံအိမ်သာများစနစ်တကျသုံးစွဲခြင်း တို့ကြောင့်ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါ များကိုလျော့ကျစေခဲ့ပါသည်။

(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် မြေပြန့်ဒေသပိုင်းတွင်တည်ရှိသောကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေး လွန်ခြင်းတို့မှကင်းဝေးပါသည်။ ရာသီအလိုက် စိုက်ပျိုးပင်များကို ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုး သတ်ဆေးများသုံးစွဲမှု များပြားခြင်းကြောင့် မြေဆီလွှာအရည်အသွေး များကျဆင်းလာသည်။ ယခုနှစ် (၂၀၁၇-၂၀၁၈)ခုနှစ် အတွင်း လေတိုက်မှုများကြောင့်လည်း အဆောက်အဦးအချို့ပျက်စီးသွားသည်ကို တွေ့ရသည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေး များကို အသုံးပြုမှုများလာခြင်း၊စွန့်ပစ်ပစ္စည်းများ ကိုစနစ်တကျ မစွန့်ပစ်ခြင်းကြောင့် သဘာတပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း များမြှင့်တင်ဆောင် ရွက်ပေးရန်လည်း လိုအပ်ပါသည်။

(၉) ကျား/မရေးရာ

ကျေး:ရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှု ကောင်းမွန်ပါသည်။ မိသားစုအလိုက်၊ ကျေးရွာအ လိုက် ကျားမတို့၏ အခန်းကဏ္ဍများကို ကျေးရွာမှ သတ်မှတ်ထားသည့်အတိုင်း လိုက်နာကြပါသည်။ ကျားနှင့်မ အကြားပြင်းထန်သော အကြမ်းဖက်မှု၊ ခွဲခြားမှုမျိုးလည်း မတွေ့ရပါ ။ တန်းတူအခွင့်အရေးများ ရရှိကြသည်။ နေ့စား၊လုပ်အားခများ ပါတပြေးညီ ရရှိကြသည်။ ဥပမာအားဖြင့် တစ်ရက်စပါးစိုက်ခ ကျား(၅၀၀၀/) ဆိုလျှင် အမျိုးသမီးများလည်း (၅၀၀၀/) ပင်ဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း အခြားလူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးဆိုင်ရာ အဖွဲ့အ စည်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။ ထို့ကြောင့် ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်သည့် အသိပညာပေး ခြင်းများ ဆောင်ရွက်သင့်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ကျေးရွာတွင်း အမှတ်(၁)တံတားအားကွန်ကရစ်တံတား အဆင့်မြှင့်တင်ခြင်း | ၁။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၄၃ | ၁ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| ကျေးရွာတွင်း အမှတ်(၂)တံတားအားကွန်ကရစ်တံတား အဆင့်မြှင့်တင်ခြင်း | ၂။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၄၀ | ၂ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| ကျေးရွာတွင်း အမှတ်(၃)တံတားအားကွန်ကရစ်တံတား အဆင့်မြှင့်တင်ခြင်း | ၃။ လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၃၆ | ၃ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| ကျေးရွာတွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်း | ၄။ လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၃၂ | ၄ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| စက်ရေတွင်းတူးဖော်ခြင်း | ၅။ ရေရရှိရေးစီမံချက် | ၂၉ | ၅ | သန့်ရှင်းသောသောက်သုံးရေရရှိစေရန် |
| စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ခြင်း | ၆။ စိုက်ပျိုးရေးစီမံချက် | ၂၈ | ၆ | နည်းပညာများရရှိစေရန် |

**နောက်ဆက်တွဲ (၁)**

**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ဖြူးမြို့နယ်**

**သပြေလှကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအေးနိုင် | ဦးလှနိုင် | ၇/ဖမန (နိုင်)၀၀၅၂၄၄ | ၄၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးမျိုးကျော် | ဦးကျော်နိုင် | ၇/ဖမန (နိုင်)၀၁၀၂၂၁ | ၅၀ | အတွင်းရေးမှူး | |
| ၃ | ဦးမျိုးဝင်း | ဦးဝင်းဦး | ၇/ဖမန (နိုင်)၀၃၀၂၂၅ | ၅၃ | ဝယ်ယူရေးဥက္ကဋ္ဌ | |
| ၄ | ဦးစန်းတင့် | ဦးတင်နိုင် | ၇/ဖမန(နိုင်)၀၀၄၅၆၃ | ၅၅ | ဘဏ္ဍာရေးမှူး | |
| ၅ | ဒေါ်မြင့်မြင့်ချို | ဦးမျိုးနိုင် | ၆/လလန(နိုင်)၀၂၅၆၄၄ | ၄၂ | စာရင်းကိုင် | |
| ၆ | ဒေါ်ဌေးဌေးဝင်း | ဦးထွန်းဟန် | ၇/ဖမန (နိုင်)၀၈၈၅၂၁ | ၄၁ | အဖွဲ့ဝင် | |
| ၇ | ဒေါ်သန်းသန်းဆင့် | ဦးညွန့်ရွှေ | ၇/ဖမန (နိုင်)၀၀၂၁၆၆ | ၄၆ | အဖွဲ့ဝင် | |
| | | | | | | |
| | | | | | | |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၈ | ၂၁ | ၃၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၃ | ၃၅ | ၆၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၄ | ၅၀ | ၁၀၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၆ | ၆၀ | ၁၁၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၁ | ၄၅၉ | ၈၉၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၈ | ၄၉ | ၇၇ |
| စုစုပေါင်း | | ၆၂၀ | ၆၇၄ | ၁၂၉၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၅၃ | | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အရွယ်အများဆုံးရှိသည်ကိုတွေ့ရှိရ ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ၊မရ၊အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၇၀.၅၀ | သင့် | အနည်းအကျဉ်း | ကျေးရွာအနီးရှိဇဟားချောင်းမှရရှိနိုင်ပါသည်။ |
| ယာမြေ | - | | | |
| ဥယျာဉ်ခြံမြေ | ၃၃.၂၅ | သင့် | အနည်းအကျဉ်း | ။ |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| ကိုင်း၊ကျွန်းမြေ | ၁ | ညံ့ | အနည်းအကျဉ်း | ။ |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | ၁ | | အနည်းအကျဉ်း | ။ |
| သစ်တောမြေ | - | | | |
| စုစုပေါင်း | ၃၀၅.၇၅ | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ကျေးရွာရှိလယ်ယာမြေများသည်မိုးရေကို

အဓိကထား၍စိုက်ပျိုးကြသည်။ကျေးရွာ၏ တောင်ဘက်ဇဟားချောင်းအနီးမှစိုက်ပျိုးမြေများသာ ချောင်းရေတင်၍စိုက်ပျိုးမှုရှိသော်လည်းခက်ခဲမှုရှိပါသည်။ရာသီဥတုမမှန်ခြင်း၊မြေဆီလွှာအရည် အသွေးမကောင်းခြင်းတို့နှင့်သီးနှံပိုးမွှားကျရောက်မှုကြောင့်အထွက်နည်းသည်။သီးနှံဈေးနှုန်းမတည် ငြိမ်ခြင်းကြောင့်လယ်ယာလုပ်ကိုင်သောမိသားစုများဝင်ငွေ ။ထွက်ငွေမညီမျှ၍ဆင်းရဲကြတ်တည်းလာကြသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ။သင့်။နည်း။မရှိ) | အသုံးပြုနိုင်မှု (လွယ်။ခက်။ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့။ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် -၃၀ံ[illegible] | ပျှမ်းမျှ မိုးရေချိန် -၆၀ | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်သဘာဝအရင်းအမြစ်များ မရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ပညာရေး✔ငွေကြေး✔<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | ကောင်း |
| ၂ | သာရေးနာ ရေးအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း |
| ၃ | ရပ်မိရပ်ဖ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | မြစိမ်းရောင် | ၁ ✔ ၂☐ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း |
| ၅ | လမ်းကော်မတီအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | သင့် |
| ၆ | မီးကော်မတီ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | ကောင်း |
| ၇ | ကျောင်းကော်မတီ | ၁☐ ၂ ✔ ၃☐ | ပညာရေး✔ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာကဏ္ဍပေါင်းစုံတွင်ပါဝင်ပြီးကောင်းမွန်ပါသည်။အုပ်ချုပ်ရေးအဖွဲ့သည်သာရေးနာရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့တို့ပူးပေါင်းတိုင်ပင်၍ကျေးရွာ၏ လူမှုရေး၊ဘာသာရေး၊သာရေးနာရေးကိစ္စအဝဝကို ပူးပေါင်းဖြေရှင်းကြသည်။မီးကော်မတီ၊လမ်းကော်မတီ၊ကျောင်းကော်တီတို့သည်လည်းအုပ်ချုပ်ရေး အဖွဲ့နှင့်ပူးပေါင်း၍ကျေးရွာ၏ လမ်း၊မီး၊ကျောင်းကိစ္စရပ်များကိုစုပေါင်းဖြေရှင်းကြသည်။ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့်မြစိမ်းရောင်၊ဖူလတန်နှင့်လည်းအုပ်ချုပ်ရေးအဖွဲ့မှစီမံမှုဖြင့်လုပ် ဆောင်ပေးသည်။ပြင်ပအဖွဲ့အစည်းများဖြစ်သော စိုက်ဘဏ်၊မြေစာရင်း၊ကျေးလက်၊စိုက်ပျိုးရေး ဌာနများနှင့်လည်းအုပ်ချုပ်ရေးအဖွဲ့သည်ချိတ်ဆက်ဆောင်ရွက်မှုရှိပြီးကျေးရွာအတွက်အားထားရ သည်ကိုတွေ့ရှိရသည်။မွေ့စကြာအဖွဲ့နှင့်ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့သည်လည်းကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေး၊လူမှုရေးကိစ္စများတွင်အားထားရသောအဖွဲ့များဖြစ်ကြပါသည်။ကျေးရွာ၏ အဖွဲ့အစည်းများအားလုံးသ

ည်စည်းလုံးညီညွတ်ကြသည်ကိုတွေ့ရသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကမှ၁၂.၅ဧကအထက် | ၂.၅ဧကမှ၅ဧက | ၂.၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုး၊၂ထပ်တိုက်အိမ် | သွပ်မိုး၊တိုက်ခံတစ်ထပ် | သွပ်မိုး၊ပျဉ်ကာ | ဝါးထရံကာ၊တောင်ထန်းမိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | – | လက်တွန်းထွန်းစက်၊နွား၊နွားလှည်း | နွား၊နွားလှည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စားသောက်ဆိုင်၊စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ချွေလှေ့စက် | အိမ်ဆိုင်၊စိုက်ပျိုးရေး | ခေါင်းရွက်ဈေး၊ ကျပန်း |
| အိမ်ထောင်စု | ၁၇ (၆.၇%) | ၈၅ (၃၃.၆%) | ၈၅ (၃၃.၆%) | ၆၆ (၂၆.၁%) |

ရင်းမြစ် - (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုမှာ တောင်သူကြီး(၅ဧကမှ၁၂.၅ဧကအထက်)ရှိသောအိမ်ထောင်စု(၁၇)ဦးသာရှိပြီး၄င်းအိမ်ထောင်စုများသာကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုများဖြစ်ကြသည်။ကျပန်းလုပ်ကိုင်သောဆင်းရဲသော အိမ်ထောင်စုများသည်မိမိတို့စားဝတ်နေရေးပြေလည်စေရန်လက်သမား၊ပန်းရံ၊ကယ်ရီ၊ခေါင်းရွက် ဈေးသည်တို့လုပ်ကိုင်ကြသည်။စက်ဘီးပြင်ဆိုင်၊ကုန်စုံဆိုင်များ၊ကွမ်းယာဆိုင်များအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများသည်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြသည်။ရာသီပေါ် အလုပ်လုပ်ကိုင်ကြသောကျပန်းမိသားစုများသည်ပိုမိုကြတ်တည်းကြသည်ကိုတွေ့ရသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၆ | ၂၆.၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၈၅ | ၃၃.၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၈၅ | ၃၃.၆ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၅ | ၆ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂ | ၀.၇ | တောင်သူကြီး |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၅၃ | | |

ရင်းမြစ် -(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသော်လည်းစိုက်ပျိုးမြေဧကအနည်းငယ်များသာပိုင်ဆိုင်ကြသည်။လယ်ယာမဲ့များသည်လည်းအလုပ်အကိုင်ရှားပါးသောကြောင့်မိသားစုဝင်ငွေနည်းပါးပြီးကြပ်တည်းကြသည်။(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၂၇၀.၅၀ | တင်း | ၅၀ | ၁၀၀ | ၇၅ | သင့် |
| မတ်ပဲ | ၂၅၀.၅၀ | တင်း | ၅ | ၁၅ | ၁၀ | သင့် |
| ပဲတီစိမ်း | ၂၀ | တင်း | ၅ | ၁၀ | ၇.၅ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိစိုက်ပျိုးရေးလုပ်ကိုင်သူများတစ်ဦးချင်းစိုက်ပျိုးမြေနည်းပါးပြီးမျိုးကောင်းမျိုးသန့်များမသုံးစွဲနိုင်ခြင်း၊ရာသီဥတုမမှန်ခြင်း၊ပိုးမွှားကျရောက်ခြင်းနှင့်နည်းပညာအသုံးပြုနိုင်မှုနည်းပါးခြင်းတို့ကြောင့်အထွက်နှုန်းလျော့နည်းလာသည်။ပတ်ဝန်းကျင်တွင်ဆည်မြောင်းတာတမံများမရှိသဖြင့်သီးထပ်စပါးစိုက်ပျိုးနိုင်ခြင်းမရှိကြပါ။ထို့ကြောင့်ကျေးရွာရှိလုပ်လုပ်နိုင်သောသူများအလုပ်အကိုင်ရှားပါးသဖြင့်မိသားစုဝင်ငွေနည်းပါးလာကြကြောင်းတွေ့ရသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၄၀ | ၁၂၃ |
| **နို့စားနွား** | ၁၄ | ၄၈ |
| **ကျွဲ** | ၄ | ၁၃ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃၂ | ၇၃ |
| ကြက် | ၁၆၉ | ၁၁၆၉ |
| ဘဲ | ၁၅ | ၄၀ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ခိုင်းနွားနှင့်နို့စားနွားတို့ကိုအနည်းငယ်မွေးမြူကြပြီး၊ကြက်၊ဝက်၊ဘဲတို့ကို မိသားစုတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။စီးပွားဖြစ်မွေးမြူခြင်းမရှိကြဘဲမွေးမြူရေးလုပ်ငန်း တစ်နိုင်တစ်ပိုင်မွေးမြူရန်မြစိမ်းရောင်စီမံကိန်းချေးငွေကိုထုတ်ချေးနိုင်ပြီးအိမ်တွင်းမွေးမြူမှုသာရှိ ကြသည်ကိုတွေ့ရသည်။**

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း ။ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၃၀ | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး | ၂ | ၂ | | |

| | | | | | |
|---|---|---|---|---|---|
| | ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၅ | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၃ | ၃ | ၃ | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | ၁၁ | ၃ | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၂၀ | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | ၂ | ၂ | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၇ | | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၄ | | | | |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသော်လည်းစိုက်ပျိုးမြေအနည်းငယ်သာရှိသောကြောင့်မိသားစုများအနေဖြင့်အခြားဝင်ငွေရလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြကြောင်းတွေ့ရသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (**အနီးဆုံး** **<u>တစ်ခုကိုသာ</u>**ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (**အဓိက<u>တစ်ခုကိုသာ</u>**ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (**မြို့**၊ **ရွာ**) | ဖြူးမြို့စည်ပင်သာယာဈေး | တောင်ငူစည်ပင်သာယာဈေး |
| **ရွာမှအကွာအဝေး** (**မိုင်**) (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ✔ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ✔ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး ✔ ဆိုင်ကယ် ✔ ကား၊ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ✔ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား၊ထော်လာဂျီ ✔ ရထား ✔ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ(၃)မိုင်ခန့် အကွာအဝေးအတွင် ဖြူးမြို့စည်ပင်ဈေးရှိပြီးပတ်ဝန်းကျင်ကျေးရွာများအတွက်အိမ်သုံးပစ္စည်းများမှအစလိုအပ်သည်များကိုဝယ်ယူရရှိနိုင်သည်။ဖြူးမြို့ဈေးမှမရရှိနိုင်သောပစ္စည်းများကိုသာတောင်ငူမြို့သို့သွားရောက်ဝယ်ကြပြီးကား၊မီးရထားနှင့်မော်တော်ဆိုင်တို့ဖြင့်သွားရောက်ဝယ်ယူကြသည်ကိုတွေ့ရသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✔ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့✔ | ပွင့်လင်း ရာသီ✔<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်✔<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐<br>၃☐၄☐ ၅☐ | ကောင်း✔ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✔ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင်တည်ရှိပြီးချဉ်းကပ်လမ်းမရှိဘဲကားလမ်းမှဆင်းသောရွာတွင်းလမ်း(၅)လမ်းရှိပါသည်။ရွာတွင်းလမ်းများသည်မြေသားလမ်းများဖြစ်သဖြင့်မိုးရာသီတွင်သွားလာရအဆင်မပြေဖြစ်ကြောင်းတွေ့ရပါသည်။ကားလမ်းမမှဆင်းသောအဆိုပါရွာတွင်းလမ်းများထိပ်တွင်မြောင်းကူးတံတား(၅)စင်းရှိပြီး (၂)စင်းသာလွှတ်တော်ရန်ပုံငွေနှင့်ပြည်သူ့ထည့်ငွေတို့ဖြင့်ပူးပေါင်းဆောင်ရွက်ထားသောအုတ်ခုံခံကွန်ကရစ်တံတားဖြစ်ကြပြီးကျန်တံတားများမှာသစ်သားတံတားများဖြစ်သဖြင့် ကာလကြာမြင့်ပြီဖြစ်သောကြောင့်ပျက်စီးမှုကိုလည်းတွေ့ရ၍ပြင်ဆင်ရန်လိုအပ်ကြောင်းတွေ့ရသည်။**

**(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | နှမေန္စအ အသတည **အကွာအဝေး** (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |

| သယ်ယူပို့ဆောင်ရေး | မြို့မှ အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | ၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။ဖြူးမြို့နှင့်နီးပြီးကားလမ်းပေါ်တွင်တည်ရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေးကိုသာအသုံးပြုပါသည်။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၀၈ | ၁၈၆ | ၆ | ၁ | ၄ | | ၂၃ |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင်တည်ရှိမှုကြောင့်ဖြူးမြို့သို့အလယ်တန်းနှင့်အထက်တန်းတက်ရောက်ကြသောကျောင်းသူ၊သားများသည်စက်ဘီး၊ဆိုင်ကယ်၊သုံးဘီးတို့ဖြင့်တက်ရောက်ကြသည်။ဈေးဝယ်ရန်အတွက်လည်းသုံးဘီး၊ဆိုင်ကယ်တို့ဖြင့်ဖြူးဈေးသို့သွားရောက်ကြသည်ကိုတွေ့ရသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၃၅ |
| ဆိုလာစနစ် | ၃၂ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၄ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | ၁၁၂ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လျှပ်စစ်မီးကို( ၂၀၁၁ )ခုနှစ်မှစ၍ ကိုယ်ထူကိုယ်ထဖြင့် အကောင်ထည်ဖော်ခဲ့ရာ ၄.၁.၂၀၁၂ တွင်မီးလင်းနိုင်ခဲ့သည်။အိမ်ထောင်စု(၂၅၃)စုတွင်(၁၃၅)အိမ်သာ လျှပ်စစ်မီးအသုံးပြုလျက်ရှိပြီးကျန်အိမ်ထောင်စုများမှအနည်းငယ်သည်ဆိုလာဖြင့်လည်းကောင်း၊အသုံးပြုလျက်ရှိကြောင်းတွေ့ရသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၃၆၆ | ၅၃ | ၁၃၅ |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖုန်းများသုံးစွဲနိုင်မှုများပြားလာကြပြီးအရေးကိစ္စရပ်များရှိပါကအလွယ်တကူဆက်သွယ်ရအဆင်ပြေသည်။ရေဒီယို၊တီဗွီ၊စလောင်းများရှိခြင်းကြောင့်သတင်းအချက်အလက်များ၊ရာသီဥတုအခြေအနေများသိရှိရသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၅ | ၆၇ | ၁၂၂ |
| အလယ်တန်း | ၄၅ | ၄၃ | ၈၈ |
| အထက်တန်း | ၁၆ | ၁၈ | ၃၄ |
| တက္ကသိုလ်၊ကောလိပ် | ၁၆ | ၁၉ | ၃၅ |

**ရင်းမြစ်** - (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် -ဘုန်းကြီးကျောင်းသင်ပညာရေး- ကို သင်ယူဆည်းပူး နေသော ကျောင်းသူ၊သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်၊အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန်ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိစာသင်ကျောင်းတွင်ကျောင်းသားဦးရေစုစုပေါင်း(၁၇၂)ဦးရှိပြီး မူလတန်း(၁၂၂)ယောက်၊ကျောင်းပျော်(အသက်မပြည့်သေးသော)(၁၀)ယောက်၊အခြားကျေးရွာမှလာတက်သောကျော**

င်းသား(၁၅)ယောက်နှင့်အလယ်တန်း(၅)တန်းတက်ရောက်နေသောကျောင်းသား (၂၅)ယောက်ရှိသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း:☐<br>မူလွန် ✔<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း:☐ | | | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း ✔ | | | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း:☐ | | |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ✔<br>ဆိုင်ကယ် ✔<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏<br>စုစုပေါင်းကြမ်းခင်းဧရိယာ<br>(စတုရန်းပေ)၀ | ၃၂၄၀စတုရန်းပေ | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့✔ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ✔ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ<br>☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ<br>☐ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်<br>✔<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။**ကျောင်းဆရာ၊မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၆ | ၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား x အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စာသင်ကျောင်းသည်မူလွန်ကျောင်းဖြစ်ပြီးကျေးရွာ၏မြောက်ဘက်ထိပ်တွင်တည်ရှိသည်။စာသင်ကျောင်းသည်အလျား(၁၀၈)ပေနှင့်အနံ(၃၀)ပေရှိသည်။ကျောင်းသုံးပရိဘောဂများလုံလောက်မှုရှိပါသည်။သွပ်မိုးထားပြီးအုတ်နံရံ၊ကွန်ကရစ်အခင်းဖြစ်သော်လည်း ကြမ်းခင်းများကွဲအပ်၍မကောင်းတော့ကြောင်းတွေ့ရသည်။ဆရာ၊မ အင်အားလုံလောက်မှုရှိပါသည်။ အဟာရတိုက်ကျွေးမှုအားတစ်လလျှင်တစ်ကြိမ်(သို့)နှစ်လလျှင်တစ်ကြိမ်နှုန်းမွေးနေ့ရှင်၊အလှူများမှ**

လာရောက်တိုက်ကျွေးကြသည်။အလယ်တန်းနှင့်အထက်တန်းကျောင်းသားများသည်ဖြူးမြို့၏ အ.ထ.က(၁)ဖြူးတွင်ပညာဆက်လက်သင်ကြားကြသည်။ကျောင်းသားပို့ဆောင်ရေးသုံးဘီးများဖြင့် တက်ရောက်ကြသည်။

(၇) **ကျန်းမာရေး**

(၇.၁) **အဖြစ်များသောရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| ရ | ရောဂါ | ပျံ့နှံ့မှု၊ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်✔ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်✔ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ✔ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☐ မရှိ✔ |
| ၅ | ငှယ ဗွီယ လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ✔ |
| ၆ | တီဘီ | မြင့်☐ နိမ့်☐ မရှိ✔ |
| ၇ | ဆီးချို | မြင့်☐ နိမ့်☐✔ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☐✔ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်✔ မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ☐✔ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☐✔ |

ရင်းမြစ် - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့သပြေလှကျေးရွာသည်အထက်ပါရောဂါများအားကျန်းမာရေးဌာန၏ကူညီစောင့်ရှောက်မှုကြောင့်ဆိုးဝါးသောအခြေအနေမရှိပါ။ယင်လုံအိမ်သာများစနစ်တကျသုံးစွဲနိုင်ခြင်းကြောင့်ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားမှုအလွန်နည်းပါးသည်။ငှက်ဖျား၊သွေးလွန်တုပ်ကွေးရောဂါများကာကွယ်နိုင်ရန်ဆေးစိမ်ခြင်ထောင်များကိုလည်းအိမ်တိုင်ယာရောက်အခမဲ့ကူညီသောကြောင့်ဖြစ်ပွားမှုနည်းပါးသည်။ယခုအခါအသည်းရောဂါ(ဘီ၊စီ)များအတွက်ကျန်းမာရေးဦးစီးဌာန၏အကူအညီဖြင့်တစ်လတစ်ကြိမ်၊နှစ်လဆက်နှစ်ကြိမ်၊ငါးနှစ်မှခုနှစ် နှစ်ကလေးအရွယ်များကိုလည်းကာကွယ်ဆေးများထိုးပေးသည်ကိုတွေ့ရပါသည်။**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။အဆုတ်ရောဂါ၊ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ၊ပိုလီယိုကာကွယ်ဆေးများကိုမွေးစမှ(၇)လသားအရွယ်တွင်းတစ်လတစ်ကြိမ်ထိုးပြီး(၉)လနှင့်(၁)နှစ်ခွဲကလေးငယ်များကိုဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးပါသည်။ကိုယ်ဝန်ဆောင်မိခင်များအတွက်မေးခိုင်ကာကွယ်ဆေးကိုမမွေးမီ(၂)ကြိမ်ထိုးပေးပါသည်။ကာကွယ်ဆေးထိုးနှံချိန်ကလေးငယ်များအဟာရပိုင်းဆိုင်ရာပညာပေးခြင်း၊လက်မောင်းလုံးပတ်တိုင်းခြင်းများကိုပြုလုပ်ပေးသည့်အပြင်ယခုအခါအသဲရောဂါ(ဘီ၊စီ)ကာကွယ်ဆေးများကိုခင်တန်းကြီးကျေးရွာရှိတိုက်နယ်ဆေးရုံတွင်ကာကွယ်ဆေးများထိုးပေးလျက်ရှိသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ၊ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း၊ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန၊ ဌာနခွဲ | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ✔<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ✔<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ✔<br>မရှိ ☐ |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနခွဲသည်သပြေလှကျေးရွာ၏အနောက်တောင်ဘက်ခန့်ကျီးမနိုးကျေးရွာတွင်တည်ရှိပြီးသားဖွားဆရာမတစ်ဦး၊ ကြီးကြပ်(၂)တစ်ဦးခန့်ထားပါသည်။သပြေလှနှင့်(၅)မိုင်အကွာအတွင်းရှိခင်တန်းကြီးတိုက်နယ်ဆေးရုံတစ်ခုထားရှိပြီးပတ်ဝန်းကျင်ရှိကျေးရွာများ၏အခြေခံစောင့်ရှောက်မှုအတွက်အထောက်အကူဖြစ်ကြောင်းတွေ့ရသည်။**

**ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသည်သပြေလှကျေးရွာနှင့်(၃)မိုင်ခန့်သာကွာဝေးခြင်း၊လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ြ**

ြင်းများကြောင့်အရေးပေါ်လူနာများ၊ရောဂါကြီးသူများအတွက်အချိန်မှီသွားရောက်ကုသနိုင်အဆင်ပြေကြောင်းတွေ့ရသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၆ | ကောင်း☐ သင့်✔ ညံ့☐ | မိုး၊ဆောင်း |
| အဝီစိတွင်း။ စက်တပ် | ၁၂၀ | ကောင်း☐ သင့်✔ ညံ့☐ | နွေ၊မိုး၊ဆောင်း |
| အဝီစိတွင်း။ တုံကင် | ၅၅ | ကောင်း☐ သင့်☐ ညံ့✔ | မိုး၊ဆောင်း |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်။ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိရေတွင်းများတွင်အချို့တွင်းများသည်ရေဝါများဖြစ်သည့်အတွက်ကျွဲနွားများအတွက်နှင့်အဝတ်လျှော်ရန်အတွက်လောက်သာအသုံးပြုကြသည်။သောက်သုံးရေအတွက်ရေစစ်ဖြင့်စစ်၍သော်လည်းကောင်းကျိုချက်၍သော်လည်းကောင်းသောက်သုံးကြသည်။ ရေတွင်းများသည်မိုးနှင့်ဆောင်းရာသီများတွင်သာရေလုံလောက်မှုရှိပြီးနွေအခါတွင်ရေခန်း သွားတတ်သည်။အဝီစိစက်တပ်နှင့်အဝီစိတုံကင်များသာနွေမိုးဆောင်းလုံလောက်စွာအသုံးပြုနိုင်ကြသော်လည်းသံဓါတ်ပါဝင်မှုများကြောင်းတွေ့ရသည်။ရေစစ်အိုး၊ရေစစ်ကန်များအသုံးပြုကြရသည်။ရေလုံလောက်စွာအသုံးပြုနိုင်သော်လည်းသန့်ရှင်းစွာသောက်သုံးနိုင်ရန်ခက်ခဲသည်။ချောင်းရေအားလယ်ယာအချို့သာရေသွင်းမှုပြုလုပ်ရန်အသုံးပြုသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၃၇ |
| ရေလောင်း။ယင်လုံအိမ်သာ | ၂၁၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်း။ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ကျန်းမာရေးဌာနမှညွှန်ကြားထားသည့်အတိုင်းယင်လုံအိမ်သာများကိုစနစ်တကျသုံးစွဲလေ့ရှိသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ။လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်အတွက်ထိခိုက်မှုမရှိပါ။ငလျင်လှုပ်ခြင်းကြုံသော်လည်းပျက်စီးဆုံးရှုံးမှုမရှိပါ။တီဘီရောဂါဖြစ်ပွားသူရှိသော်လည်းကျန်းမာရေးစောင့်ရှောက်မှုရှိပြီးဆေးဝါးမှန်ကန်စွာသောက်သုံးကြောင်းတွေ့ရသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။မြေဆီလွှာညံ့လာမှုကြောင့်သီးနှံများအတွက်နှုန်းလျော့လာခြင်းတို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှအကူအညီလိုအပ်ကြောင်းတွေ့ရသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု၊ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*✔ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✔ | *မရှိ*☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာစီမံအုပ်ချုပ်မှုပိုင်းတွင်အမျိုးသမီးများမပါဝင်သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်း၊လူမှုရေးလုပ်ငန်းနှင့်သာရေးနာရေးများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြ သည်။**

နောက်ဆက်တွဲ၃

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းအမှတ် (၁)တံတားမကောင်းခြင်း | သစ်သားတံတားဖြစ်၍ဆွေးနေခြင်း | လုပ်အား | -ငွေကြေး | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၂။ | ကျေးရွာတွင်းအမှတ် (၂)တံတားမကောင်းခြင်း | သစ်သားတံတားဖြစ်၍ဆွေးနေခြင်း | လုပ်အား | ငွေကြေး | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၃။ | ကျေးရွာတွင်းအမှတ် (၃)တံတားမကောင်းခြင်း | သစ်သားတံတားဖြစ်၍ဆွေးနေခြင်း | လုပ်အား | ငွေကြေး | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၄။ | ကျေးရွာတွင်းလမ်းများမကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | လုပ်အား | ငွေကြေး | ကျောက်ရောမြေလမ်းခင်းခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၅။ | သောက်သုံးရေမသန့်ခြင်း | စက်ရေတွင်းမရှိခြင်း | မြေနေရာပေးနိုင်ခြင်း | ငွေကြေ | စက်ရေတွင်းတူးဖော်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၆။ | အထက်နှုန်းနည်းပါးခြင်း | စိုက်ပျိုးရေးနည်းပညာမရှိခြင်း | | | နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် |